# ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **စာချွန်တော်အမိန့်** ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော်အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေစာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့်တို့ကို ဆိုသည်။

(ဂ) **ရှေ့တော်သွင်းစာချွန်တော်အမိန့်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံး တစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဃ) **အာဏာပေးစာချွန်တော်အမိန့်** ဆိုသည်မှာ တရားဝင်အခွင့်အာဏာရှိသူ တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကို ဆိုသည်။

(င) **တားမြစ်စေစာချွန်တော်အမိန့်** ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(စ) **အာဏာပိုင်မေးစာချွန်တော်အမိန့်** ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာ အပ်နှင်းထားသည့် အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိမရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဆ) **အမှုခေါ်စာချွန်တော်အမိန့်** ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရား စီရင်မှု သဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေ နှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဇ) **စာချွန်တော်ရုံး**ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုသည်။

(ဈ) **လျှောက်ထားလွှာ** ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်သွင်းသည့် လျှောက်ထားလွှာကိုဆိုသည်။

(ည) **လျှောက်ထားသူ** ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာ တင်သွင်းလျှောက်ထားသူများကို ဆိုသည်။

(ဋ) **လျှောက်ထားခံရသူ** ဆိုသည်မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှု များတွင် ထိုလျှောက်ထားမှုများနှင့်စပ်လျဉ်းသည့် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ပြုလုပ်ဆောင်ရွက်သူ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကိုဆိုသည်။

## အခန်း(၂)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့်အာဏာရှိသည် -

(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(၂) အာဏာပေး စာချွန်တော်အမိန့်၊

(၃) တားမြစ်စေ စာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(၅) အမှုခေါ် စာချွန်တော်အမိန့်။

( ခ ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့် ဒေသတွင် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

( ဂ ) အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ချိန်တွင် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်သည့် ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်း မပြုရ -

(၁) စစ်မက်ဖြစ်ပွားချိန်၊

(၂) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊

(၃) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်။

## အခန်း(၃)

## လျှောက်ထားလွှာ တင်သွင်းခြင်းနှင့် စိစစ်ခြင်း

၄။ လျှောက်ထားသူသည် ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ မိမိ၏ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းခြင်းရာများကို ပြည့်စုံစွာရေးသားဖော်ပြ၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားခြင်းအတွက် ထုတ်ပြန်ထားသည့် စည်းကမ်းများ၊ နည်းလမ်းများနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်။

၅။ လျှောက်ထားလွှာတွင် လျှောက်ထားခံရသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏ အမည်နှင့်လျှောက်ထားလွှာနှင့်ဆီလျော်သော စာချွန်တော်အမိန့်တစ်ရပ် ထုတ်ပေးစေလိုကြောင်း ရေးသားဖော်ပြပါရှိရမည်။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည် -

(က) လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိ စိစစ်ရမည်။

( ခ ) ပြည့်စုံမှုမရှိလျှင် ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားသူအား လျှောက်ထားလွှာကို ပြန်လည်ပေးရမည်။

( ဂ ) ပြည့်စုံမှုရှိလျှင် အထွေထွေမှု ဖွင့်လှစ်ရမည်။

## အခန်း(၄)

## လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

( ခ ) အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး သုံးဦးဖြင့် ဖွဲ့စည်းရမည်။

( ဂ ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင် ဖြစ်စေ၊ အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာဆုံးဖြတ်ရေးအဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားလွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာ၊ အချက်အလက်များနှင့်ပူးတွဲပါရှိသည့်စာရွက်စာတမ်းများကို စိစစ်ပြီးလျှောက်ထားသူကို ဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာကို လက်ခံခြင်း ပြု မပြု အမိန့်ချမှတ်ရမည်။

၉။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားလွှာကိုလက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လွှဲအပ် စိစစ်ကြားနာစေရမည်။

၁၀။ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူနှစ်ဦး နှစ်ဘက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်။

၁၁။ စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း(၅)

## လျှောက်ထားခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ဆင့်ခေါ်ပါက စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လာရောက်ရမည်။

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို ထုတ်ပြန် မပေးသင့်ကြောင်း တင်ပြလိုပါက အထောက်အထားများနှင့်အတူ အကျိုးအကြောင်းရှင်းလင်း ဖော်ပြရေးသား၍ စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ လျှောက်ထားခံရသူသည် စာချွန်တော်ရုံး ကြားနာဆုံးဖြတ်ရေးအဖွဲ့က တောင်းယူသော အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့်အစိုးရဌာန၊ အဖွဲ့အစည်း များထံမှ ရယူတင်ပြခွင့်ရှိသည်။

## အခန်း(၆)

## အထွေထွေ

၁၆။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့နှင့်စပ်လျဉ်း၍ လျှောက်ထားလွှာ တင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှနှစ်နှစ်အတွင်း လျှောက်ထားလွှာ တင်သွင်းခြင်းမပြုလျှင် စာချွန်တော်အမိန့် ထုတ်ပြန်ခြင်းမပြုရ။

၁၇။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်ကိုယ်စား ဆောင်ရွက်ရန် ကိစ္စဖြစ်ပါက လျှောက်ထားသူဘက်မှဖြစ်စေ၊ လျှောက်ထားခံရသူဘက်မှဖြစ်စေ၊ လျှောက်ထားသူနှင့်လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြင့်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချွန်တော်လျှောက်ထားမှုများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။

၁၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့်စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်